နေ့စွဲ။ ။ မတ်လ ၁၇ရက်၊ ၂၀၂၀

# မြန်မာ့သင်္ကြန်အကြိုပွဲတော် မကျင်းပခြင်းနှင့်ပတ်သတ်၍ အသိပေး ပန်ကြားအပ်ခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၁.၃.၂၀၂၀)နေ့ ထုတ်ပြန်ချက်အရ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19)ကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ်သို့ သတ်မှတ်ကြေညာခဲ့ပါသည်။

ထို့အပြင် ယနေ့(၁၃.၃.၂၀၂၀)တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတရုံးမှ သတင်းထုတ်ပြန်ချက်အရ ယနေ့မှစ၍ ဧပြီလကုန်အထိ လူစုလူဝေးဖြင့်ကျင်းပသော အခမ်းနားများ၊ ပွဲလမ်းသဘင်များကို မပြုလုပ်ကြရန် တရားဝင်ပန်ကြားချက် ထုတ်ပြန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကြယ်စင်မြို့တော်အိမ်ရာတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် မြန်မာ့သင်္ကြန်အကြိုပွဲတော်ကို ယခု ၂၀၂၀ခုနှစ်တွင် မကျင်းပဖြစ်တော့ပါကြောင်း အိမ်ရာတွင်နေထိုင်သူများထံသို့ လေးစားစွာဖြင့် အသိပေး ပန်ကြားအပ်ပါသည်။

ကြယ်စင်မြို့တော်အိမ်ရာ (Star City) တွင် နိုင်ငံဒေသအသီးသီးမှ လူမျိုးပေါင်းစုံ စုဝေးနေထိုင်သည့် အားလျော်စွာ လူကြီးမင်းတို့အနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားလာရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသော ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာ သတိပေးညွှန်ကြားချက်များ (Health Advice For Travellers) ကို အထူးဂရုပြု လိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ထို့အပြင် လူကြီးမင်းတို့အနေဖြင့် လူစုလူဝေးများပြားရာ နေရာများသို့ သွားရောက်သည့်အခါတွင် လည်း မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်ရှိသူများ ရောဂါကူးစက်ခြင်းမခံရအောင် ကျန်းမာရေးအခြေခံ ကာကွယ်ရေး လမ်းညွှန်ချက်များကို သတိဝီရိယရှိရှိဖြင့် စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် သတိပေးလိုပါသည်။

COVID-19 ရောဂါကူးစက်မှုဖြစ်ပွားနေသော နိုင်ငံ၊ ဒေသအသီးသီးမှ မြန်မာနိုင်ငံသို့ရောက်ရှိလာသူ မည်သူမဆို ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်းစသည့် ရောဂါလက္ခဏာများ လက်ရှိဖြစ်ပွားခဲ့ပါက (သို့) မြန်မာနိုင်ငံသို့ ရောက်ရှိပြီး (၁၄)ရက်အတွင်း အဆိုပါရောဂါ လက္ခဏာ များ ဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆေးရုံများသို့ အမြန်ဆုံး အကြောင်းကြားရန် ဥပဒေကြောင်းအရ လိုအပ်ကြောင်း အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာ့နှစ်သစ်အခါသမယမှာ ကျန်းမာရွှင်လန်း၍ ဘေးဘယာဝေးကွာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

လေးစားစွာဖြင့်

Star City Management

STAR CITY

Date: March 17, 2020

# ANNOUNCEMENT FOR NOT HAVING PRE-THINGYAN FESTIVAL

With reference to the announcement from World Health Organization on March 11, 2020, the Coronavirus Disease (COVID-19) has been declared as Pandemic. Moreover, Myanmar President Office has requested not to host any public events/ festivals starting from today until end of April, 2020.

Therefore, we regret to inform you that this year we would not organize an Annual Star City Pre-Thingyan Festival in the Estate and we do hope to seek your understanding on the circumstances.

Since Star City is home to very diverse international population, we would like to urge our residents to follow travel policies and regulations directed by the Health officials.

We would also like to remind all our residents to be vigilant in protecting yourself and the people around you, by following basic protective measures in all of our Public areas.

It is required by law to report to Department of Public Health immediately if anyone has travelled to any affected countries and areas and shown any symptoms such as high fever, cough, sneezing, shortness of breath on arrival (or) within (14) days of being in affected areas.

We wish you A Healthy and Happy Myanmar New Year.

Respectfully,
Star City Management